# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ကျင့်ဝတ်စည်းကမ်း၏ နယ်ပယ်နှင့် ကျင့်သုံးမှု | ၂ |
| ၃။ | အဓိပ္ပါယ်ဖွင့်ဆိုချက် | ၃ |
| ၄။ | ကျင့်ဝတ်စည်းကမ်း၏ အခြေခံမူများ | ၄ |
| ၅။ | ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ စံပြုလိုက်နာရမည့်ကျင့်ဝတ်စည်းမျဉ်း | ၆ |
| ၆။ | တာဝန်ယူမှု | ၁၇ |
| ၇။ | ဆက်စပ်နေသော မူဝါဒရေးရာ စာတမ်းများ | ၁၈ |

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

# ကျင့်ဝတ်စည်းကမ်း

## ၁။ နိဒါန်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုပတ်ဝန်းကျင်တွင် ဘေးဒုက္ခများနှင့် ရင်ဆိုင်တွေ့ကြုံနေရချိန်တွင်လည်းကောင်း၊ အေးချမ်းသာယာသည့် သာမန်အခြေအနေများတွင်လည်းကောင်း၊ ယင်းဘေးဒုက္ခများကို ကျော်လွှားလွန်မြောက်စေလျက် ဘေးကင်းလုံခြုံသောမူလအခြေအနေကို ပြန်လည် ရောက်ရှိစေရန် စေတနာလုပ်အားရှင်များနှင့် အခြေပြုဖွဲ့စည်းထားသော၊ လူသားချင်းစာနာထောက်ထားသောအကူအညီများ ဆောင်ရွက်ပေးသည့် လူမှုကရုဏာအဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုပတ်ဝန်းကျင်အား အကူအညီများ ဆောင်ရွက်ပေးသည့်အခါ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ အခြေခံမူ(၇)ချက်ကို လိုက်နာဆောင်ရွက်သည်။ ဤကျင့်ဝတ်စည်းကမ်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထန်းများနှင့်စေတနာလုပ်အားရှင်များက ယင်းတို့၏တာဝန်များကို ထမ်းဆောင်ရာတွင်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ ကြီးကြပ်သူများ၊ မိမိတို့လက်အောက်ငယ်သားများ၊ အသင်းသို့ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပေးသွင်းသူများ၊ အကျိုးခံစားခွင့်ရှိသူများနှင့် ပြည်သူလူထုများအားဆက်ဆံရာတွင် စံပြပြုမှုနေထိုင်ရမည့် လမ်းညွှန်ဖြစ်သည်။

## ၂။ ကျင့်ဝတ်စည်းကမ်း၏နယ်ပယ်နှင့်ကျင့်သုံးမှု

- ဤကျင့်ဝတ်စည်းကမ်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များ နှင့် သက်ဆိုင်စေရမည်။
- ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် ဘေးအန္တရာယ် ကျရောက်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ကို ကိုယ်စားပြု၍ လူသားချင်းစာနာထောက်ထားသည့် အကူအညီ များပေးအပ်သည့်အခါ ယင်းတို့၏ အပြုအမူများနှင့် ဆောင်ရွက်မှု များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကျော်စောထင်ရှားမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် အသင်းပုံရိပ်တို့အပေါ် တိုက်ရိုက်သော် လည်ကောင်း၊ သွယ်ဝိုက်၍သော်လည်ကောင်း အကျိုးသက် ရောက်သည်။
- မြန်မာနိုင်ငံကြက်ခြေနိအသင်းမှ ဝန်ထမ်းများသည် ကျင့်ဝတ် စည်းကမ်းဖောက်ဖျက်မှုကို တွေ့ရှိလျှင် သင့်လျော်သည့် ပုဂ္ဂိုလ်ထံ သို့ တင်ပြရန်တာဝန်ရှိသည်။ (အကြံပြုတိုင်ကြားလွှာများ ဖြေရှင်း ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် ရန်ဖြစ်သည်။ တင်ပြလာသည့် ဖြစ်ရပ်အခြေအနေကို အသေ အချာဂရုပြု သုံးသပ်ပြီး အဘက်ဘက်က နှိုင်းဆချင့်ချိန်၍ အကောင်းဆုံးဖြစ်အောင်စဉ်းစားဆောင်ရွက်ရမည်။

ပေါ်ပေါက်ဖွယ်ရှိသည့် ကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်မှုကို တင်ပြလာ သည့်ဝန်ထမ်းနှင့် စေတနာလုပ်အားရှင်အပေါ် နည်းအမျိုးမျိုးနှင့်လက်တုံ့ပြန်မှုကိုကာကွယ်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လိုအပ်သည့်အဆင့်ဆင့်သော ဆောင်ရွက်မှုများကို ပြုလုပ်မည်ဖြစ်သည်။

- ဤကျင့်ဝတ်စည်းကမ်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ချုပ်ဆိုသည့် အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်၊ ဝန်ဆောင်မှုစာချုပ်၊ အတိုင်ပင်ခံစာချုပ်၊ ပဋိညာဉ်စာချုပ်များတွင် ခွဲခြားမရသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အလိုအလျောက် ပါရှိရမည်။
- ဤကျင့်ဝတ်စည်းကမ်းအား ဖောက်ဖျက်မှုများကို ဝန်ထမ်းစည်းမျဉ်းများ (သို့မဟုတ်) စည်းကမ်း ထိန်းသိမ်းမှု နည်းလမ်းများနှင့်အညီ သင့်လျော်သည့်စည်းကမ်းထိန်းသိမ်း ဆောင်ရွက်မှုများနှင့် အရေးယူမည်။

## ၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်

'ဝန်ထမ်း'ဟူသော စကားရပ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် အခြားအဖွဲ့အစည်းမှ ခေါ်ယူခန့် ထားသည့် အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးဦး၊ ဝန်ထမ်းတစ်ဦးဦး၊ အလုပ်သင်ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်သည့်လုပ်ငန်းများတွင်

တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့လိုက်အနေထားဖြင့်သော်လည်းကောင်း လုပ်ကိုင်သည့်ပုဂ္ဂိုလ်များ (စေတနာလုပ်အားရှင်မှတစ်ပါး) ပါဝင်သည်။

'အခြေခံမူများ'ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းလှုပ်ရှားမှု၏ အခြေခံမူ (၇)ချက်ကို ဆိုလိုသည်။

'စေတနာလုပ်အားရှင်'ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးအပ်လာမည့် အကျိုးခံစားခွင့်တစ်စုံတစ်ရာကို မျှော်လင့်မထားပဲ အသင်းအတွက် ရံဖန်ရံခါသော်လည်းကောင်း၊ ပုံမှန်အားဖြင့်သော်လည်းကောင်း ဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။

## ၄။ ကျင့်ဝတ်စည်းကမ်း၏အခြေခံမူများ

- အခြေခံမူများကို လေးစားခြင်း၊ ထောက်ခံခြင်း၊ မြှင့်တင်ခြင်းနှင့် တစ်သွေမတိမ်းလိုက်နာခြင်း။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကျော်စောထင်ရှားမှုနှင့် အသင်းပုံရိပ်ကို အစဉ်အမြဲကာကွယ်ခြင်း။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခြင်း။
- ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အမှတ်တံဆိပ်များကိုလေးစားလိုက်နာကာ တိုက်တွန်းအားပေးခြင်း။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် ပါဝင်လုပ်ကိုင်နေသူတစ်ဦး အနေဖြင့် လုပ်ဆောင်ရန်မသင့်လျော်သည့် မည်သည့်အပြုအမူကိုမဆို ရှောင်ရှားခြင်း။

## ၄.၁ အခြေခံမူများ

ဤအခြေခံမူများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားသောအဖွဲ့အစည်းများအကြား မတူကွဲပြားသည့် ခြားနားချက်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းဖြင့် ယင်းအခြေခံမူများကို လေးစားကြောင်းထုတ်ဖော်ပြသရမည်-

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အများပြည်သူအကျိုး ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာကို အစဉ်အမြဲ မြင့်တင်ပေးခြင်း။
- ခိုကိုးရာမဲ့နေသူများအား ယင်းတို့၏ လိုအပ်ချက်များအရသော်လည်းကောင်း၊ နိုင်ငံသားလူမျိုး ယဉ်ကျေးမှု၊ ကျား/မ နှစ်သက်ရာလိင်နှင့်ဆက်ဆံခွင့်ရှိမှု၊ ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှု၊ လူမှုရေးနောက်ခံအခြေအနေ၊ မသန်စွမ်းမှု၊ မိသားစုအခြေအနေ၊ အိမ်ထောင်ရေးအခြေအနေ၊ အသက်အရွယ် (သို့မဟုတ်) နိုင်ငံရေးအယူအဆတို့အပေါ် ခွဲခြားမှုမပြုပဲ အခြေခံမူများနှင့်အညီ အကူအညီများပေးအပ်ခြင်း။

- စစ်မက်ဖြစ်ပွားမှုများတွင် ဘက်မလိုက်ခြင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး (သို့မဟုတ်) သဘောတရားရေးရာများနှင့် ပတ်သက်သည့် အငြင်းပွားဖွယ်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှု မပြုခြင်း။
- ကြက်ခြေနီနှင့် လခြမ်းနီလခြမ်းနီလှုပ်ရှားမှုများ၏ အခြေခံမှုများနှင့် မြန်မာနိုင်ငံ၏ဥပဒေများနှင့်အညီ အစဉ်အမြဲ လုပ်ကိုင်ဆောင်ရွက်ခြင်း ။

## ၅။ ဝန်ထမ်းများနှင့်စေတနာလုပ်အားရှင်များ စံပြုလိုက်နာရမည့် စည်းမျဉ်း

### ၅.၁ အထွေထွေလုပ်ဆောင်မှု

မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ကိုယ်စားပြုဆောင်ရွက်ရသည့်အခါ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည်-

- လုပ်ငန်းလုပ်ကိုင်ရာတွင် ရိုးသားမှု၊ တည်ကြည်မှုနှင့်အတူ တရားမျှတစွာနှင့် ထင်သာမြင်သာရှိစွာ ဆောင်ရွက်ရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဂုဏ်သတင်းကိုထိန်းသိမ်းစောင့်ရှောက်ပြီး ယင်းဂုဏ်သတင်းပိုမိုထွန်းကားလာရေးကို ရည်မှန်းလုပ်ဆောင်ရမည်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။
- ပုဂ္ဂိုလ်ရေးဆိုင်ရာလျှို့ဝှက်ချက်နှင့် လုပ်ငန်းလုပ်ဆောင်သူများသာ သိရှိခွင့်သည့် သတင်းအချက်အလက်များကို မပေါက်ကြားစေရန် အလေးထားစောင့်ထိန်းရမည်။
- လုပ်ငန်းခွင်အတွင်း တရားမဝင်မူးယစ်ဆေးသုံးစွဲခြင်းနှင့် အရက်သေစာ သောက်စားမူးယစ်ခြင်းတို့ကို ရှောင်ရှား၍ မိမိတို့ဆောင်ရွက်ရသည့်လုပ်ငန်းကို အကောင်းဆုံးလုပ်ဆောင်နိုင်ကြောင်း ပြသရမည်။
- အသင်း၏ရန်ပုံငွေနှင့်ပစ္စည်းများကိုဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ကျွမ်းကျင်လိမ္မာစွာ အဆင်ပြေအောင် စီမံဆောင်ရွက်ခြင်းဖြင့် တာဝန်ခံ နိုင်ရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခု၊ လုပ်ငန်းကိစ္စတစ်ခုခု(သို့မဟုတ်) အရောင်းအဝယ် လုပ်ငန်းတစ်ခုခု ပြုလုပ်ရာမှ (တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း) မမှန်ကန်သော နည်းလမ်းဖြင့် မိမိကိုယ်တိုင် အကျိုးအမြတ်ရယူခြင်းသော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက်အား အကျိုးအမြတ်ရယူရန် ခွင့်ပြုခြင်းသော်လည်းကောင်းမပြုရ။ (စီမံခန့်ခွဲရေးအပိုင်းနှင့် ပူးပေါင်းကြံစည်ဆောင်ရွက်ခြင်း (သို့မဟုတ်) လုပ်ငန်းလုပ်ဖော်ကိုင်ဖက်တစ်ဦးဦးတို့အကြား ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍

ထုတ်ဖော်ပြောကြားရမည်။(ဥပမာ- ယင်းဆက်ဆံမှုတွင် မိသားစုဆက်ဆံရေး ပါဝင်နေခြင်း (သို့မဟုတ်) ရှယ်ယာ ထည့်ဝင်ထားခြင်း)

- အခြားသူတစ်ဦးဦး၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားစေခြင်း၊ မလေးစားခြင်း၊ မိမိအထက်အကြီးအကဲ၏ အမိန့်ကိုမနာခံခြင်း၊ မရိုးဖြောင့်ခြင်း၊ သိက္ခာချခြင်း၊ အနိုင်ကျင့်ခြင်း၊ အမြတ်ထုတ်ခြင်း၊ တရားဥပဒေနှင့် ငြိစွန်းခြင်း (သို့မဟုတ်) လူမျိုးရေးမုန်းတီးစေခြင်း တို့ကို ဖြစ်စေသည့်အပြုအမူနှင့် ပြောဆိုသုံးနှုန်းခြင်း များကို ဆောင်ရွက်ခြင်း မပြုရ။

အောက်ပါတို့ကို ရှောင်ရှားရမည်။

- အကျိုးခံစားခွင့်ရှိသူများ၊ ကလေးသူငယ်များနှင့် မိမိလက်အောက်ငယ်သားများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း။
- လိင်အရောင်းအဝယ်ပြုသည့် လိင်လုပ်သားများနှင့် လိင်မှုဆိုင်ရာ ဆက်ဆံခြင်း။
- ကြက်ခြေနီအမှတ်တံဆိပ်ကို တမင်ရည်ရွယ်၍ အလွဲသုံးစွဲခြင်း။
- တံစိုးလက်ဆောင် လက်ခံရယူခြင်း။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်သာသက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာလျှို့ဝှက်ချက်များ၊ အသင်းသို့ ပစ္စည်းပေးသွင်းသူစာရင်းများ၊ အကျိုးခံစားခွင့်ရှိသူများ၊ စေတနာလုပ်အားရှင်များ၊ ဝန်ထမ်းများ၏

ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များ (ဤစာရင်းတွင် မပါဝင်သော်လည်း အသင်း၏အခြား သတင်းအချက်အလက်များ) ကိုမဆို သက်ဆိုင်ရာခွင့်ပြုခွင့်ရှိသူ၏ ခွင့်ပြုချက်မရရှိပဲ မည်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖော်ထုတ်ခြင်း။

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သတင်းအချက်အလက်၊ နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများကို အသုံးပြု၍ အင်တာနက် ကွန်ယက်အတွင်းရှိ မသင့်လျော်သည့်ဝက်ဆိုဒ်များ ရှာဖွေ ဖတ်ရှုခြင်းနှင့် ဝက်ဆိုဒ်အတွင်းရှိ မသင့်လျော်သော သတင်းအချက် အလက်ဆိုင်ရာနေရာများတွင် ရေးသားခြင်း၊ ဖတ်ရှုခြင်းတို့ကို ပြုလုပ်ခြင်းနှင့် ၄င်းလုပ်ဆောင်ချက်နှစ်ရပ်ကို တစ်ပြိုင်နက်ပြုလုပ် ခြင်း (သို့မဟုတ်) ယင်းလုပ်ဆောင်ချက်နှစ်ခုမှ တစ်ခုကိုပြု လုပ်ခြင်း၊ ကြက်ခြေနီအသင်း၏ အခြေခံမူများနှင့် မကိုက်ညီသော မူများ (သို့မဟုတ်) ယုံကြည်ချက်များကို ထောက်ခံလာစေရန် လည်းကောင်း၊ တရားဥပဒေနှင့် မညီသော လုပ်ဆောင်မှုများကို လုပ်ဆောင်လာစေရန်လည်းကောင်း အားပေးအားမြှောက်ပြုသည့် ဝက်ဆိုဒ်များသို့ အီးမေးလ်ပေးပို့ခြင်း (သို့မဟုတ်) အဆိုပါဝက်ဆိုဒ် များသည် လိင်ကိစ္စကိုနှိုးဆွသည့် တစ်နည်းအားဖြင့် ညစ်ညမ်း ဝက်ဆိုဒ်များဖြစ်ခြင်း၊ အခြားမသင့်လျော်သော ဝက်ဆိုဒ်များသို့

အီးမေးလ်ပေးပို့ခြင်း (ဤစာရင်းတွင် မပါဝင်သော်လည်း ဤကဲ့သို့သော မလိုလားအပ်သည့် အီးမေးလ်များပေးပို့ ခြင်း)

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လက်ရှိဝန်ထမ်းနှင့် စေတနာလုပ်အားရှင်များသည် နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်ရွေးချယ်မှု ခံယူခြင်း။

## ၅.၂ ကလေးသူငယ်များအား အကာအကွယ်ပေးမှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်း

❖ ကလေးသူငယ်များအား လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး (သို့မဟုတ်) အခြားသောအယူအဆ၊ နိုင်ငံသားဖြစ်ခြင်း၊ ကိုယ်ကျင့်တရား (သို့မဟုတ်) အခြားသော အဆင့်အတန်းတို့ကိုမူတည် ခွဲခြားခြင်းမပြုပဲ အလေးတယူပြုမူ ပြောဆိုဆက်ဆံရမည်။

❖ ကလေးသူငယ်များနှင့် ပြုမူပြောဆိုဆက်ဆံရာတွင် ၄င်းတို့နှင့် မသင့်လျော်သည့် ဘာသာစကားအသုံးအနှုန်း၊ အပြုအမူများကို မပြုလုပ်ရ၊ ညှင်းပန်းနှိပ်စက်မှုပြုလုပ်ခြင်း၊ ရုတ်ရင်းကြမ်းတမ်းသော စကားများပြောကြား ခြင်း၊ လင်ပိုင်းဆိုင်ရာ လှုံ့ဆော်သော ပြင်းထန်စွာနှိမ့်ချသော၊ ယဉ်ကျေးမှုနှင့် မဆီလျော်သောဘာသာစကား၊ အပြုအမူများကို ကလေးတို့ အပေါ် ပြောဆိုပြုမူခြင်းမပြုရ။

- ❖ အသက်(၁၈)နှစ်အောက် ကလေးသူငယ်တစ်ဦးတစ်ယောက်နှင့် အခကြေးငွေပေး၍ လိင်ဆက်ဆံမှုအပါအဝင် မည်သည့်အခြေအနေမျိုးတွင်မှ လိင်မှုဆက်ဆံခြင်း (သို့မဟုတ်) ပြုမူခြင်း မပြုရ။
- ❖ ကလေးသူငယ်များ၏ အနီးတစ်ဝိုက်တွင် အလုပ်လုပ်ကိုင်ရသည့် အချိန်တွင် ဖြစ်နိုင်ပါက အခြားအရွယ် ရောက်သူ လူကြီးတစ်ဦးရှိနေစေရမည်။
- ❖ အဖော်မပါသောကလေးသူငယ်များအပေါ် ရုတ်ချည်းထိခိုက်ဒဏ်ရာရစေနိုင်ခြင်း (သို့မဟုတ်) ၎င်းတို့၏ ကိုယ်ခန္ဓာအပေါ် အန္တရာယ်ကျရောက်နိုင်ခြင်းဟူသော အခြေအနေများမှလွဲ၍ ၎င်းကလေးသူငယ်များအားမြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းနှင့် စေတနာလုပ်အားရှင်များ၏နေအိမ်သို့ လာရောက်စေရန် ဖိတ်ခေါ်ခြင်း မပြုရ။
- ❖ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းနှင့် စေတနာလုပ်အားရှင်များသည် အုပ်ထိန်းသူမပါသော ကလေး သူငယ်များ၏ အနီးတွင်ကပ်၍ မအိပ်ရ။ မဖြစ်မနေအိပ်ရသည့်အခြေအနေတွင် အုပ်ထိန်းသူ၏ခွင့်ပြုချက် ကိုရယူပြီးမှသာ အိပ်ရမည်။ ဖြစ်နိုင်ပါက ထိုသို့အိပ်ရသည့်အခါ အခြားသော အရွယ်ရောက်ပြီးသူတစ်ဦး ရှိနေစေရမည်။
- ❖ မည်သည့် ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ (သို့မဟုတ်) ဗီဒီယိုနှင့် ဒီဂျစ်တယ်ကင်မရာများကိုမျှ ကလေးသူငယ်များနှင့် သင့်လျော်မှုမရှိသည့် ကိစ္စရပ်များတွင်အသုံးမပြုရ။ထို့ပြင် ဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ်ကိုအသုံးပြု၍ ကလေးသူငယ်များအပေါ် အမြတ်ထုတ်ခြင်း (သို့မဟုတ်) ညှင်းပန်းနှိပ်စက်မှု ပြုလုပ်ခြင်း (သို့မဟုတ်) ကလေးသူငယ်

များအပေါ် အမြတ်ထုတ်ယူနိုင်သည့် ပစ္စည်းကိရိယာများ ရရှိစေခြင်းတို့ကို မည်သည့်အခါမျှမပြုလုပ်ရ။ (အောက်တွင် ဖော်ပြထားသည့် 'လုပ်ငန်းတွင်အသုံးပြုရန် ရည်ရွယ်ချက် ဖြင့် ကလေးသူငယ်များ၏ ရုပ်ပုံ၊ ဓာတ်ပုံ စသည့်ပုံရိပ်များ အသုံးပြုခြင်း'ကို ကြည့်ပါရန်။)

❖ ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရလည်းကောင်း ထိခိုက်စေ သည့် ပြစ်ဒဏ်မျိုးမပေးရ။

❖ ကလေးသူငယ်တို့ကို ၎င်းတို့၏ အသက်အရွယ်အရ (သို့မဟုတ်) ဖွံ့ဖြိုးမှုအဆင့် ပညာသင်ယူရမည့်အချိန်နှင့် အပန်းဖြေအနားယူမှုများကို အဟန့်အတားဖြစ်စေသည့် (သို့မဟုတ်) ထိခိုက်ဒဏ်ရာရရှိစေရန် အထင်အရှားအလား အလာရှိစေနိုင်သည့် အိမ်တွင်းအလုပ် (သို့မဟုတ်) အခြားအလုပ်အတွက် ငှားရမ်းစေခိုင်းခြင်း မပြုရ။

❖ ကလေးသူငယ်များအား အလုပ်စေခိုင်းသည့်အခါ ကလေးသူငယ်များဆိုင်ရာ အလုပ်သမားဥပဒေအပါအဝင် သက်ဆိုင်ရာဒေသက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## ၅.၂.၁ လုပ်ငန်းတွင် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်များ၏ ရုပ်ပုံ၊ ဓာတ်ပုံ စသည့်ပုံရိပ်များကို အသုံးပြုခြင်း

❖ လုပ်ငန်းတွင် အသုံးပြုရန် ရည်ရွယ်ချက်များဖြင့် ကလေးသူငယ်တစ်ဦးအား ဓာတ်ပုံရိုက်သည့်အခါ (သို့မဟုတ်) ရုပ်ရှင် ရိုက်သည့်အခါ

(သို့မဟုတ်) ကလေးသူငယ်များ၏ ရုပ်ပုံ၊ ဓာတ်ပုံစသည့် ပုံရိပ်များကို အသုံးပြုသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

- ကလေးသူငယ်တစ်ဦးအား ဓာတ်ပုံရိုက်ကူးခြင်း (သို့မဟုတ်) ရုပ်ရှင်ရိုက်ကူးခြင်းမပြုမီ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီရန် (သို့မဟုတ်) ကိုယ်ရေးရုပ်ပုံ၊ ဓာတ်ပုံစသည့် ပုံရိပ်များအား ပြန်လည်ကူးယူခြင်းနှင့် ပတ်သက်၍ ချမှတ်ထားသည့် ကန့်သတ်ချက်များနှင့်အညီဖြစ်စေရန် ချင့်ချိန် ကြိုးပမ်း ဆောင်ရွက်ရမည်။
- ကလေးသူငယ်တစ်ဦးအား ဓာတ်ပုံရိုက်ကူးခြင်း (သို့မဟုတ်) ရုပ်ရှင်ရိုက်ကူးခြင်းမပြုမီ အဆိုပါ ကလေးသူငယ်နှင့် ၎င်း၏မိဘ (သို့မဟုတ်) အုပ်ထိန်းသူ တစ်ဦးဦးထံမှ အဆိုပါရိုက်ကူးခြင်းကို သိရှိသဘောတူညီချက် ရရှိထားရမည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထမ်းများနှင့် စေတနာလုပ်အား ရှင် များသည် အဆိုပါကလေး၏ ဓာတ်ပုံ (သို့မဟုတ်) ရုပ်ရှင်ကားကို မည်သို့အသုံးပြုမည် ဖြစ်ကြောင်း ကိုလည်း ၎င်းတို့အား တစ်ပါတည်းရှင်းပြရမည်။
- ဓာတ်ပုံများ၊ ရုပ်ရှင်များ၊ ဗီဒီယိုများနှင့် တီဗီများတွင် ပါရှိသော ကလေးသူငယ်များ၏ပုံသည် တင့်တယ်သည့် အသွင်အပြင်ရှိရမည် ဖြစ်ပြီး အားငယ်နေသော(သို့မဟုတ်) နိမ့်ကျနေသော အသွင်အပြင် မဖြစ်စေရ၊ ကလေးသူငယ်များကို အဝတ်အစား လုံလုံခြုံခြုံဝတ်စား စေပြီး လိင်စိတ်နှိုးဆွသည့် ရုပ်ပုံ အဖြစ်ရှုမြင်နိုင်သည့် ကိုယ်ဟန် အနေအထား မဖြစ်စေရ။

- ကလေးသူငယ်များ၏ ရုပ်ပုံ၊ ဓာတ်ပုံစသည့် ပုံရိပ်များသည် ရိုက်ကူးသည့် အကြောင်းအရာ၊ အချက်အလက်များကို အမှန်အတိုင်း ကိုယ်စားပြုနိုင်သည့် ပုံရိပ်များဖြစ်ရမည်။
- ကလေးသူငယ်များ၏ရုပ်ပုံ၊ ဓာတ်ပုံစသည့်ပုံရိပ်များကို အသွင်သဏ္ဌာန် တစ်မျိုးမျိုးပြု၍ အီလက်ထရောနစ် နည်းပညာနှင့်ဖြစ်စေ (သို့မဟုတ်) ပုံနှိပ်ထုတ်ဝေခြင်းအားဖြင့်ဖြစ်စေ ပို့သည့်အခါ ယင်းတို့တွင် ဖော်ပြပါရှိသည့် ဖိုင်အမှတ်အသားပြောင်းလဲထားသည့် အချက်အလက် (သို့မဟုတ်) သရုပ်ဖော်ရေးသားချက်များသည် အဆိုပါ ကလေးသူငယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖော်ထုတ်ရာ မရောက်စေရ။

## ၅.၃ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏ ရိုးသားတည်ကြည်မှု

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ ပစ္စည်းနှင့်ဝန်ဆောင်မှုထောက်ပံ့သူများ၊ အလှူရှင်များ၊ အကျိုးခံစားခွင့်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာများ အခြားသောအဖွဲ့အစည်းများနှင့် ဤအဖွဲ့အစည်းအတွင်း အချင်းချင်း ဆက်ဆံသည့် အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

- ယဉ်ကျေးပျူငှာစွာ၊ စာနာတတ်စွာနှင့် လေးစားစွာဆက်ဆံရမည်။

❖ လူတစ်ဦးချင်း၏ ကွဲပြားခြားနားမှုများကို တန်ဖိုးထားရမည်။ လူမျိုးတိုင်း၏ ဓလေ့ထုံးတမ်းများ၊ အလေ့အထများနှင့် ဘာသာရေး ယုံကြည်ကိုးကွယ်မှုများ၏ ထိလွယ်ရှလွယ်မှုများကို ထည့်သွင်း စဉ်းစားရမည်ဖြစ်ပြီး သီခြားတည်ရှိနေသည့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေတစ်ရပ်ရပ်နှင့် မသင့်လျော်သည့် မည်သည့်အပြုအမူ ကိုမဆို ရှောင်ရှား ရမည်။
❖ ရုတ်ရင်းကြမ်းတမ်းသော စကားပြောဆိုသည်၊ ညှင်းပန်းနှိပ်စက်သည်၊ ကိုယ်ကျိုးရှာ အမြတ်ထုတ်သည် (သို့မဟုတ်) ခွဲခြားဆက်ဆံသည်ဟု ယူဆနိုင်သည့် အပြုအမူများကို ရှောင်ရှားရမည်။
❖ အခြားသူတစ်ဦးတစ်ယောက်၏ တာဝန်များ၊ ထောက်ပံ့မှုများ၊ အတွေ့ အကြုံများနှင့် ကျွမ်းကျင်မှုများကို အသိအမှတ်ပြု လေးစားရမည်။
❖ သီးခြားဂုဏ်ရည်နှင့် ရပ်တည်နေသည့် မည်သည့်အဖွဲ့အစည်းများ၊ ဖြစ်ရပ်များ (သို့မဟုတ်) လူပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ၎င်းတို့၏ တရားဝင်တာဝန်ယူဆောင်ရွက်မှုများနှင့် ဂုဏ်ရည်ကို ရည်ရွယ်ချက် ရှိရှိဖြင့် မှားယွင်းလုပ်ဆောင်မှု မပြုလုပ်ရ။

## ၅.၄ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သတင်းအချက်အလက်များ၊ ရန်ပုံငွေများနှင့် ပိုင်ဆိုင်မှုများအား ကာကွယ်စောင့်ရှောက်ခြင်း

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သင်္ကေတ အမှတ်အသားနှင့် ကိုယ်ပိုင်အမှတ်တံဆိပ်တို့ကို သုံးစွဲရာတွင် အသင်းကပြဋ္ဌာန်း ထား

သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအလံနှင့် ကိုယ်ပိုင်အမှတ်အသား တံဆိပ်သုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့် အညီသုံးစွဲပြီး ၎င်းတို့ကို အလွဲသုံးစားမပြုနိုင် ရန် တားဆီးရမည်။

- အသင်း၏ သတင်းအချက်အလက်များ၊ ရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများအား ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ အလွဲသုံးစား ပြုခြင်း၊ ဖြုန်းတီးခြင်းနှင့် ခိုးယူခြင်းတို့မှ ကာကွယ်ရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သည့်အချိန်ကာလ အတွင်းနှင့် ဆောင်ရွက်ချိန်ပြင်ပများ တွင်လည်းကောင်း၊ အသင်း၏လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုတော့သည့် ကာလတွင်လည်းကောင်း၊ အသင်း၏ လျှို့ဝှက်ချက်ကိုမပေါက်ကြားအောင် သင့်လျော်သကဲ့သို့ လေးစားထိန်းသိမ်းထားရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်သည့်ဒီဇိုင်းများ၊ ပုံကြမ်းများ၊ အချက်အလက်များ၊ ကာတွန်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ မြေပုံများ၊ ဗီနိုင်းများ၊ အစီရင်ခံစာများနှင့် အတွင်းရေးများအပါအဝင် မည်သည့် သတင်းအချက်အလက်များကိုမဆို လုပ်ငန်းတာဝန်အရ သော်လည်းကောင်း၊ သီးခြားတာဝန်ပေးအပ်ခြင်းဖြင့်သော်လည်းကောင်း မရှိခဲ့လျှင်မီဒီယာ (သို့မဟုတ်) အခြားသောပြင်ပအဖွဲ့အစည်းများကို ထုတ်ဖော်ပြောခြင်းမရှိစေရ။ (ပြင်ပအဖွဲ့အစည်း ဆိုသည်မှာ

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ပါး အခြားသောအဖွဲ့အစည်းများကို ဆိုလိုသည်။)

- မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူးမှ တာဝန်ပေးအပ်ခြင်းမရှိလျှင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ကိုယ်စားပြု၍ မီဒီယာများနှင့် တွေ့ဆုံဖြေကြားခွင့်မရှိ။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် အသင်း၏ အတွင်းရေးမှူး သတင်းများ၊ ရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက် မည်သည့်အခါမျှ မသုံးစွဲရ။
- သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်များနှင့် မိမိသာသိရှိခွင့်ရှိသည့် သတင်းအချက်အလက်များကို မပေါက်ကြားစေရန် ထိန်းသိမ်းထားရှိရမည်။

## ၆။ တာဝန်ယူမှု

- အသင်း၏ လူသားအရင်းအမြစ်စီမံခန့်ခွဲရေးဌာနသည် အသင်းတွင် တာဝန်ခံဆောင်ရွက်နေသူများအား အကြံပေးခြင်း၊ ဤကျင့်ဝတ်စည်းကမ်းကို ထိန်းသိမ်းခြင်း၊ စောင့်ကြည့်မှတ်သားခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဤကျင့်ဝတ်စည်းကမ်းပါ ပြဋ္ဌာန်းချက်များကို ချွင်းချက်ဖြင့်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက် ရန် တာဝန်ရှိသည်။။

- မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ကော်မတီဝင်များသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ် အသီးသီးတွင် ဤကျင့်ဝတ်စည်းကမ်းနှင့်အညီ ကျင့်သုံးရန်နှင့် အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။

## ၇။ မူဝါဒရေးရာ ကြေညာချက်တွင် ပါဝင်သည့် ဆက်စပ်သည့် အထောက်အထားများ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်အားလုံးသည် ဤကျင့်ဝတ် စည်းကမ်းကို လက်မှတ်ရေးထိုးရန်တာဝန်ရှိပြီး ဤကျင့်ဝတ်စည်းကမ်းတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် တည့်သွင်းပါရှိသည့် ဆက်စပ်မူဝါဒများပါ ပြဋ္ဌာန်းချက်များကို ကျွမ်းဝင်သိရှိနားလည်ပြီး လိုက်နာစောင့်ထိန်းရမည်။ ဆက်စပ်မူဝါဒများပါရှိသော အထောက်အထား များမှာ အခြေခံမူ(၇)ချက်၊ လူငယ်မူဝါဒ၊ စေတနာလုပ်အားရှင်ဆိုင်ရာမူဝါဒ၊ လူသားအရင်းအမြစ် ဆိုင်ရာမူဝါဒ၊ ဂုဏ်သိက္ခာကာကွယ်မှုဆိုင်ရာမူဝါဒ၊ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာမူဝါဒ၊ ရုတ်တရက်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်စည်းကမ်း၊ ညှင်းပန်းနှိပ်စက်မှုဆန့်ကျင့်ရေး လမ်းညွှန်ချက်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြားသောမူဝါဒများတို့ ဖြစ်သည်။

# CONTENTS


| Sr. | Particulars | Pages |
|---|---|---|
| 1. | Introduction | 21 |
| 2. | Scope and Application | 21 |
| 3. | Definition | 23 |
| 4. | Basic Principles of Code of Conduct | 23 |
| 5. | Standard Code for employees and Volunteers | 25 |
| 6. | Responsibility | 33 |
| 7. | Related Policies Statements | 33 |

# Myanmar Red Cross Society

# Code of Conduct

## 1. Introduction

Myanmar Red Cross Society (hereafter called "MRCS") is a volunteerbased humanitarian organization providing humanitarian services not only in times of disasters but also under peaceful conditions trying to make the community safe and resilient. The Society is fully committed to the seven Fundamental Principles of Red Cross and Red Crescent Societies in the delivery of services to the community. The code of conduct is to provide employees, and volunteers with guidance on the standards of behavior expected of them in performing their duties of employment and in their dealings with co-workers, supervisors, subordinates, suppliers, beneficiaries, and members of the community

## 2. Scope and application

This code of conduct applies to all employees and volunteers of Myanmar Red Cross Society.

As employees and volunteers are representing Myanmar Red Cross Society in providing humanitarian services to vulnerable people all of their behavior and activities will directly or indirectly affect MRCS reputation, integrity, and image.

MRCS personnel have a duty to report any breach of Code of Conduct to the appropriate person (Refer to Reporting Procedures). All reports and concerns raised will be properly considered and treated with discretion. The society will take all necessary steps to prevent any form of retaliation against Staff reporting possible breaches of Code of Conduct.

This code shall automatically form an integral part of all forms of MRCS contracts such as employment, service agreement, consultancy agreement, etc.

Violations of this Code are subject to appropriate disciplinary measures in accordance with Staff Regulations or Disciplinary Measures.

## 3. Definition

“Employee” includes a consultant, a staff for MRCS who deploy from other organization, internship, and any other person (other than a volunteer) who is engaged in the operations of the Myanmar Red Cross Society, whether individually or in a group;

“Fundamental Principles” means the Seven Fundamental Principles of the Red Cross and Red Crescent Movement;

“Volunteer” ာmeans a person who often or regularly works for Myanmar Red Cross Society without any expectation from National Society.

## 4. Basic Principles of Code of Conduct

- Respect, advocate, promote and strictly adhere to the Fundamental Principles
- Protect MRCS reputation and image at all times
- Respect and follow the policies, regulations, and procedures of Myanmar Red Cross Society

- Respect and promote Red Cross and Red Crescent Movement and emblems
- Avoid any form of inappropriate behavior

### 4.1. Fundamental Principles

The fundamental principles distinguish us from other organizations. All staff and volunteers should demonstrate respect for the principle by:

- Upholding the human dignity of every person at all times throughout MRCS service
- Ensure that actions are guided by the need of vulnerable people and by not discriminating of nationality, race, culture, gender, sexual orientation, religious beliefs, social background, disability, family status, marital status, age or political opinions
- Not taking sides in hostilities or engaging publicly in controversies of a political, racial, religious, or ideological nature
- Acting at all times in accordance with the principles of the Movement and the laws of Myanmar

## 5. Standard Code for employees and volunteers

### 5.1 General Conduct

When representing the Myanmar Red Cross Society, Red Cross staff and volunteers will:

- Act with honesty, integrity, fairly, and transparently
- Behave in a way that maintains and builds the reputation of MRCS
- Respect and follow MRCS policy and regulations
- Respect the confidentiality of personal and privileged information
- Demonstrate excellent work behaviors by not using illegal drugs or suffering from the effects of alcohol while at work
- Manage funds and supplies of goods in appropriate and professional manner by respecting rules and regulations to be accountable
- Not benefit improperly or allow a third party to benefit improperly (whether directly or indirectly) from association with an enterprise that engages in any business or transaction with the MRCS (including association with the

management or the holding of financial interest). Any potential conflict of interest with a supplier, service provider, or business partner (such as family relations or shareholding) must be disclosed

- Conduct action or conversation which is humiliating, neglectful, insubordinate, dishonest, threatening, degrading, bullying, exploitive, illegal or racist
- Refrain from:
  - Sexual exploitation with beneficiaries, with children, and with subordinate;
  - Personal relationship with commercial sex workers;
  - Intentional misuse of the Red Cross emblem;
  - Acceptance of bribes;
  - Disclosing without authorization, directly or indirectly, to any person or organization, the private affairs of the Myanmar Red Cross Society including, but not limited to, trade secrets, supplier lists, or personal information of beneficiaries, volunteers and staff;
  - Surfing/reading inappropriate websites and/or electronic message boards; sending inappropriate e-mail including, but

not limited to, sites/subjects that advocate principles or beliefs not in line with the Fundamental Principles, that advocate illegal activities, or are sexual/pornographic in nature, using MRCS IT facilities

No current staff and volunteers of MRCS may be elected to any office of a political party

**5.2 Child Protection Code of Conduct**

- Treat children with respect regardless of race, color, sex, language, religion, political or other opinion, national, ethic or social origin, property, disability, birth or other status
- Not use language or behavior towards children that is inappropriate, harassing, abusive, sexually provocative, violent  demeaning or culturally inappropriate
- Not engage in any form of sexual activity or acts, including paying for sexual services or acts with a child (under the age of ၁၈ years).
- Wherever possible, ensure that another adult is present when working in the proximity of children

- Not invite unaccompanied children into staff and volunteers' home, unless they are in immediate risk of injury or in physical danger
- Not sleep close to unsupervised children unless absolutely necessary, in which case the employees and volunteers must obtain supervisor's permission, and ensure that another adult is present if possible
- Not use any computers, mobile phones, or video and digital cameras in appropriately, and never to exploit or harass children or to access child exploitation material through any medium (see also "Use of Children's images for work related purposes", below)
- Not use physical and psychological punishment on children
- Not hire children for domestic or other labor which is inappropriate given their age or developmental stage, which interferes with their time available for education and recreational activities, or which places them at significant risk of injury
- Comply with all relevant local legislation, including labor laws in relation to child labor

## 5.2(a) Use of children's images for work related purposes

When photographing or filming a child or using children's images for work related purposes,

- Assess and endeavor to comply with local traditions or restrictions for reproducing personal images before photographing or filming a child
- Obtain informed consent from the child and a parent or guardian of the child before photographing or filming a child. As part of this MRCS staff and volunteers must explain how the photograph or film will be used
- Ensure photographs, films, videos and DVDs present children in a dignified and respectful manner and not in a vulnerable or submissive manner. Children should be adequately clothed and not in poses that could be seen as sexually suggestive
- Ensure images are honest representations of the context and the facts, and

- Ensure the file labels, meta data or text descriptions do not reveal identifying information about a child when sending images electronically or publishing images in any form

**5.3 Integrity**

When MRCS staff and volunteers are dealing with Governments, Local authorities, Suppliers, Donors, Beneficiaries, Communities, other Organizations, and inter-organization:

- Behave politely, sensitively and respectfully
- Value differences and take into account the sensitivities of peoples' customs, habits, and religious beliefs and avoid any behavior that is not appropriate in a particular cultural context.
- Avoid behavior that could be considered as abusive, harassment, exploitation, or discriminatory
- Recognize and respect other's roles, contributions, experience and skills
- Not intentionally misrepresent their official functions or title to any entities or persons.

## 5.3 Integrity

When MRCS staff and volunteers are dealing with Governments, Local authorities, Suppliers, Donors, Beneficiaries, Communities, other Organizations, and inter-organization:

- Behave politely, sensitively and respectfully
- Value differences and take into account the sensitivities of peoples' customs, habits, and religious beliefs and avoid any behavior that is not appropriate in a particular cultural context.
- Avoid behavior that could be considered as abusive, harassment, exploitation, or discriminatory
- Recognize and respect other's roles, contributions, experience and skills
- Not intentionally misrepresent their official functions or title to any entities or persons.

## 5.4 Protection of information, funds and assets:

- Abide by the MRCS Flag and Logo Regulation, on the use of emblem, logo and prevent its misuse

- Protect information, funds and assets from loss, damage, misuse, waste and theft
- Employees and Volunteers shall not at any time use internal information, funds, and assets of MRCS for personal advantage.
- Respect and maintain confidentiality as appropriate, both during and outside Red Cross Services and after termination of Red Cross services
- Disclosure of any information that includes design, data, cartoons, photos, videos, maps, vinyl, reports, and internal to the media or other external parties unless

within the scope of employment duties or otherwise authorized to do so (<u>external parties means outside of MRCS)</u>

- Not to represent MRCS in media unless designated by the Secretary General
- Respect the confidentiality of personal and privileged information

### 6. Responsibility

- The Human Resources Department is responsible for advising stakeholders, maintaining, monitoring, and revising this policy; and for authorizing exceptions.
- Members of the Executive Committee (ECs) are responsible for the application and implementation of this policy in each of their respective areas.

### 7. Related Policies Statements

All Myanmar Red Cross Society staff and volunteers are obliged to sign this Code of Conduct, and must be familiar with and adhere to the provisions of this Code of Conduct as well as those of related policies referred to herein, which are incorporated into and form part of this Code of Conduct. Related documents are the Seven Fundamental Principles, Youth Policy, Volunteer Policy, Human Resources Policy, Integrity Policy, Communication Policy, the Code of Conduct for the International Red Cross and Red Crescent Movement and Non-Governmental Organizations (NGOs) in Disaster Relief, the anti-harassment guidelines, and all other Myanmar Red Cross Society policies.